# မိခင်နှင့်ကလေးကျန်းမာရေး

မိခင်နှင့်ကလေးများတွင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်း ကျဆင်းစေရန် ရည်ရွယ်ပြီး မွေးစကလေးများပြုစုစောင့်ရှောက်ခြင်းအပါအဝင် မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းကို အမျိုးသား ကျန်းမာရေးစီမံကိန်းတွင် ဦးစားပေးအနေဖြင့် ထည့်သွင်းရေးဆွဲထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် ရရှိအောင်မြင်စေရန် ကြိုးပမ်း အကောင် အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော် အဆင့်တွင် အမျိုးသားစီမံကိန်းများနှင့် မဟာဗျူဟာများကို နိုင်ငံအတွင်းသာမက နိုင်ငံတကာနှင့်ပါ ပူးတွဲရေးဆွဲ ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် သားဖွားမိခင်များ၏ ရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းများကျဆင်းရေးအတွက် လုံခြုံစိတ်ချမိခင်ဘဝ စီမံချက်ကို တိုးချဲ့၍ အမျိုးသားရေး လုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး ဆက်လက် ပြည့်ဝစွာရရှိစေရန် မိခင်နှင့်မွေးစကလေးများတွင် သေဆုံးခြင်းနှင့် ရောဂါဖြစ်ပွားခြင်းများ ကာကွယ်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သားဖွားစဉ် အရေးပေါ်စောင့်ရှောက်မှုနှင့် မွေးကင်းစကလေး စောင့်ရှောက်မှုလုပ်ငန်းများကို အထူးပြု၍ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အဓိက ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်၁၅-နှစ်နှင့် ၄၉-နှစ်ကြား အမျိုးသမီးများ သေဆုံးမှုတွင် ကလေးမွေးဖွားစဉ်နှင့် ကိုယ်ဝန်ဆောင်ခြင်း၏ နောက်ဆက်တွဲရောဂါများသည် အဓိက အကြောင်းရင်းဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်ခြင်းနှင့်နှီးနွယ်သောအကြောင်းများကြောင့် သေဆုံးခြင်းသည် မြန်မာအမျိုးသမီး (၃၃)ယောက်တွင် (၁)ယောက် ဖြစ်နိုင်ခြေရှိပြီး ကျွမ်းကျင်သော မွေးဖွားသူများနှင့် မွေးဖွားမှုသည် တစ်နိုင်ငံလုံး၏ ၄၀%သာ လွှမ်းမိုးထားပြီး ဆေးရုံဆေးခန်းများတွင် မွေးဖွားမှုမှာ ၂၀%သာ ရှိပါသည်။

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလအထိ ဘက်စုံသားဖွားဆရာမ (၈၅၂၇)ဦးနှင့် အရန်သားဖွားဆရာမ (၂၈၈၇၂)ဦးသည် တစ်နိုင်ငံလုံးရှိ မိခင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ ယခုအခါတွင် သားဖွားဆရာမ(အရန်သားဖွားများအပါအဝင်) နှင့် ကျေးရွာအချိုးမှာ (၁:၂) ဖြစ်ပြီး တစ်ရွာလျှင် အနည်းဆုံးတစ်ဦးရှိစေရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ခြင်းနှင့် နေရာချထားခြင်းတို့ကို ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသများအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ မိသားစုကျန်းမာရေး မြှင့်တင်ရာတွင် အမျိုးသားများ၏ တာဝန်ယူမှုနှင့် ပါဝင်ဆောင်ရွက်မှုသည်လည်း အဓိကအခန်းမှ ပါဝင်လျက်ရှိပါသည်။

## မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုများ



မြန်မာနိုင်ငံ၏ မတူညီ ကွဲပြားသော ရေမြေ ပထဝီ အနေအထားအရ ကျေးလက်ဒေသရှိ မိခင်နှင့်မွေးစ ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ပြန့်စွာ လွှမ်းခြုံမှုရရှိစေရန်နှင့် တိုးတက် ကောင်းမွန်စေရန် ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသများရှိမိခင်နှင့်ကလေးများအတွက်အထူး အရေးထား၍ အရန်သားဖွားဆရာမများ၏ ကျွမ်းကျင်မှု မြှင့်တင်ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ အကူအညီဖြင့် အကောင်အထည်ဖော်လျက်ရှိသော မျိုးဆက်ပွား ကျန်းမာရေး လုပ်ရှားမှုများနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

အရေးပေါ်လိုအပ်ချက်တစ်ရပ်ဖြစ်သော သားဖွားဆရာမများ၊ အရန်သားဖွားများနှင့် အရပ်လက်သည်များ သင်တန်းအတွက် သင်ရိုးညွှန်းတမ်းများတွင် ပုံမှန်မွေးဖွားမှုနှင့် မွေးစကလေး စောင့်ရှောက်ခြင်း နောက်ဆက်တွဲ ပြဿနာများ သိမှတ်နိုင်ရန်နှင့်လူနာညွှန်းပို့တတ်စေရန် ပိုမိုပြည့်စုံစွာ ဖြည့်စွက်ရေးဆွဲထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုယ်ဝန်ဆောင်ချိန်မှစ၍ ကိုယ်ဝန်ဆောင် မိခင်နှင့် သူမ၏မိသားစုအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရရှိစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ ပထမအဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်ဌာနများတွင် အရည်အသွေးပြည့်ဝသည့် စောင့်ရှောက်မှုကို ခံယူနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။ လူထုအတွင်းတွင် အရိုးစွဲလျက်ရှိသော သမားရိုးကျ သားဖွားမှု အမူအကျင့်များမှ အန္တရာယ်ရှိနိုင်သော အမူအကျင့်များကို လျှော့ချဖယ်ထုတ်ပြီး လုံခြုံစိတ်ချရသော သားဖွားခြင်းဆိုင်ရာ အမူအကျင့်များသို့ တိုးမြှင့်လေ့ကျင့်ပေးလျက်ရှိပါသည်။ ထိုသို့လေ့ကျင့်ပေးရာတွင် အဓိကကျသည့် သန့်ရှင်းသောလက်၊ သန့်ရှင်းသော သားဖွားရန်နေရာ၊ သန့်ရှင်းသောချက်ကြိုးဖြတ်ပစ္စည်းများကို အသုံးပြုစေခြင်းတို့သည် အန္တရာယ်ရှိသော သားဖွားမှုဆိုင်ရာ အမူအကျင့်များကို ပပျောက်စေမည်ဖြစ်ပါသည်။




***အရန်သားဖွားများအတွက်မွမ်းမံသင်တန်း***

လက်ရှိ ဆောင်ရွက် လုပ်ရှားမှုများ၏ အဓိက အားသာချက်မှာ သားဖွားဆရာမများ အသစ် မွေးထုတ်ရာတွင် အားဖြည့်မှု အနေဖြင့် စွမ်းရည်ပြည့်ဝသော အရပ်လက်သည်များဖြစ်ရန်နှင့် အရန်သားဖွားများအား သားဖွား စွမ်းရည် မြှင့်တင်ပေးခြင်းအပေါ်တွင် အခြေခံပါသည်။ ကလေးမွေးဖွားခြင်း၊ မီးတွင်းချိန် စောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေး စောင့်ရှောက်ခြင်း အတွက် ကျွမ်းကျင်စွာ ပြုစုစောင့်ရှောက်နိုင်စေရန် အမျိုးသားအဆင့်လမ်းညွှန်မှုများ ချမှတ်နိုင်ခဲ့ပြီး အားသစ်လောင်းသင်တန်းများ ဆောင်ရွက်ခဲ့ပါသည်။ အရန်သားဖွားများအား ကိုယ်ဝန်

ဆောင်ချိန်၊ မီးဖွားချိန်၊ မီးတွင်းနှင့် မွေးစကလေး စောင့်ရှောက်မှုဆိုင်ရာ အားဖြည့်သင်တန်းများပေးခြင်း၊ နေအိမ် အခြေပြုသားဖွားမှု မှတ်တမ်းများထားရှိ အသုံးပြုခြင်းနှင့် လူနာအဆင့်ဆင့် လွှဲပြောင်း ပေးပို့ခြင်းဆိုင်ရာ သင်တန်းများ ပေးခဲ့ပါသည်။

## တိုးမြှင့်ဆောင်ရွက်မှုများနှင့်စွမ်းဆောင်နိုင်မှု

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်တွင်းနှင့် နိုင်ငံတကာ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း များနှင့် ပူးပေါင်း၍ မိခင်သေနှုန်းအပေါ် အထူးဂရုပြုရေးနှင့် ချမှတ်ထားသော မျိုးဆက်ပွား ကျန်းမာရေးမူဝါဒများ အကောင်အထည်ဖော်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် လုံခြုံစိတ်ချ ရသော ကိုယ်ဝန်ဆောင်ဘဝရရှိရေးအတွက် လူထုအတွင်း စိတ်ဝင်စားသတိပြုလာရေးကို ဆောင်ရွက် လျက်ရှိပါသည်။ ပိုမိုစိတ်ချရသော ကိုယ်ဝန်ဆောင်ခြင်းနှင့် သားဖွားခြင်းအတွက် ရည်မှန်းချက်များ ချမှတ်ခြင်း၊ ဦးစားပေးစီမံချက်များရေးဆွဲခြင်း၊ ဦးဆောင်ကဏ္ဍများဖွင့်လှစ်ခြင်း၊ သုတေသနများ ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ စွမ်းအားစုရှာဖွေခြင်း၊ သတင်းအချက်အလက် ဝေမျှခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ယခုလက်ရှိ အခြေအနေတွင် မြန်မာနိုင်ငံသည် ဒေသအတွင်းတွင် တက်ကြွသော အဖွဲ့ဝင် နိုင်ငံတစ်ခု အနေဖြင့် လုံခြုံစိတ်ချ မိခင်ဘဝနှင့် မွေးစကလေး ကျန်းမာရေးဆိုင်ရာ အသိပေးဆွေးနွေး တင်ပြခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ မျိုးဆက်ပွား ကျန်းမာရေး ဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၀၄ - ၂၀၀၈ ခုနှစ်)ကို အခြားနီးနွယ်ဌာနများ၏ ပံ့ပိုးကူညီ ပူးပေါင်းမှု ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ မျိုးဆက်ပွားကျန်းမာရေး မူဝါဒကို ၂၀၀၂ ခုနှစ်တွင် ရေးဆွဲချမှတ်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## အောင်မြင်မှုများ

မြန်မာနိုင်ငံမျိုးဆက်ပွားကျန်းမာရေးမူဝါဒ၏ နောက်ဆက်တွဲလုပ်ရှားမှုအဖြစ် လုံခြုံစိတ်ချမိခင် ဘဝဆိုင်ရာ လှုပ်ရှားမှုများကို ပိုမိုအာရုံပြုခြင်း၊ လုံလောက်သော ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာ ကလေးမွေးဖွားမှု၊ မီးတွင်းစောင့်ရှောက်မှုနှင့် မွေးစကလေးစောင့်ရှောက်မှုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ မိခင်ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ပေးမှုများသည် မိခင်နှင့်ကလေးအတွက်သာမက မိသားစုကျန်းမာရေး တိုးတက်ကောင်းမွန်မှုအတွက် အထူးသဖြင့် ကျေးလက်ဒေသများတွင် ဆောင်ရွက်လျက်ရှိပါသည်။ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုတွင် သားဖွားစဉ်စောင့်ရှောက်မှု၊ သားလျှောသားပျက် နောက်ဆက်တွဲအန္တရာယ် ကာကွယ်ခြင်းနှင့် ကုသခြင်း၊ မျိုးပွား လမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ၊ လိင်မှတဆင့်ကူးစက်သောရောဂါများ ကာကွယ်ကုသခြင်း၊ ပျိုရွယ်သူများအတွက် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ပါဝင်ပြီး အမျိုးသားကျန်းမာရေးစီမံကိန်း၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်ပွားကျန်းမာရေးစီမံချက်များနှင့်ပူးပေါင်း၍ နီးနွယ် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဖြစ်သော ကာကွယ်ဆေးထိုးခြင်း (ဒုတိယအကြိမ် မေးခိုင်ကာကွယ်ဆေးထိုးခြင်းနှင့် စိတ်ချရသော သားဖွားပစ္စည်းများအသုံးပြုခြင်း)၊ အာဟာရလုပ်ငန်းများ (ကိုယ်ဝန်ဆောင်သွေးအားနည်းရောဂါကုသရေး အတွက် သံဓာတ်အားတိုးဆေးများပေးခြင်းနှင့် ကိုယ်ဝန်ဆောင်သန်ကောင်ချခြင်း)၊ ငှက်ဖျားရောဂါ နှိမ်နင်းရေး (ကိုယ်ဝန်ဆောင်စဉ် ငှက်ဖျားရောဂါကာကွယ်ရေးနှင့်ကုသရေး) တို့ကို အားဖြည့် ဆောင်ရွက် ခဲ့ပါသည်။ အဏုစိတ်အဆင့်အဖြစ် မိခင်နှင့်ကလေးများတွင် ရောဂါဖြစ်ခြင်းနှင့် သေဆုံးခြင်း၏ အဓိက အကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သင့်လျော်သည့် အစီအစဉ်များ ချမှတ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။ မိခင်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရန် မိခင်နာမကျန်းမှု

ကာကွယ်ရေးနှင့် သားဖွားစဉ် စောင့်ရှောက်မှုပြည့်စုံစေရေးတို့အတွက် စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်လျက် ရှိပါသည်။ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းနှင့် အခြေခံသားဖွားစောင့်ရှောက်မှုတို့အတွက် အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်ပွားကျန်းမာရေးမူဝါဒအရ ကိုယ်ဝန်ဆောင်မိခင်တိုင်းအား သွေးအားနည်းရောဂါနှင့် ကာလသားရောဂါစစ်ဆေးခြင်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကိုယ်ဝန်ဆောင်သွေးဆိပ်တက်ခြင်းနှင့် အကြောတက်ခြင်းရောဂါများ ကုသရေးအတွက် မဂ္ဂနီဆီယမ်ဆာလဖိတ်ဆေးဝါး အသုံးပြုပုံနှင့် မွေးဖွားစဉ် တတိယအဆင့် စောင့်ရှောက်ပုံများကို သင့်လျော်သည့်အဆင့်အလိုက် သင်ကြားပြသထားပါသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်မှစ၍ မိခင်ကျန်းမာရေးစောင့်ရှောက်မှုအားဖြည့် ဆောင်ရွက်ရေးအဖြစ် လူထုအတွင်းသို့ မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ဝင်စားသတိပြုမှု မြင့်မားလာစေရေးနှင့် ကျန်းမာရေးဝန်ထမ်းများ စွမ်းရည်မြင့်မားလာစေရေးအတွက် ထိရောက်သော အထောက်အကူပြုပစ္စည်းများဖြစ်သည့် မွေးဖွားမှုအဆင့်ဆင့်ပြဇယား (pantograph) နှင့် စံလမ်းညွှန်မှုများ ပေးခဲ့ပါသည်။ မျိုးဆက်ပွားကျန်းမာရေးမူဝါဒတွင်လည်း အမျိုးသား၏ ပူပေါင်းပါဝင်မှုကဏ္ဍသာမက မီးယပ်သွေးဆုံးချိန်ကိစ္စများနှင့် မီးယပ်ဆိုင်ရာကင်ဆာရောဂါ စစ်ဆေးခြင်းများကိုပါ ထည့်သွင်းထားပါသည်။ သားပျက်သားလျောခြင်းနှင့် ၎င်း၏ နောက်ဆက်တွဲရောဂါများသည် မိခင်များ၏ရောဂါဖြစ်နှုန်းနှင့် သေဆုံးနှုန်းများတွင် အများစုပါဝင်နေသောကြောင့် သားပျက်သားလျောပြီးနောက် လိုအပ်သော စောင့်ရှောက်မှုပေးခြင်းကို တစ်နိုင်ငံလုံးတွင် အဓိက ဦးတည်၍ ကာကွယ်ဆောင်ရွက်မှုများ ပြုလုပ်နေပါသည်။ ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးသည်လည်း လူထုအတွင်းတွင် ဦးစားပေးလာရသော အခြေအနေတွင်ရှိပါသည်။ သက်ရွယ်အုပ်စုတူ ပညာပေးခြင်း၊ ဘဝအတွက်ကျွမ်းကျင်မှုနှင့် နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းကို ကျောင်းမနေသည့် လူငယ်လူရွယ်များကို အဓိကထား၍ သင်တန်းများပို့ချနေပါသည်။

အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပါဝင်သော မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ ဦးတည်ချက်များတွင် အဓိကအကျဆုံးမှာ အနီးကပ်ကြီးကြပ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်၏ အဆင့်တိုင်းတွင် ကြီးကြပ်ထောက်ပံ့ကူညီရေးအစီအစဉ်များကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ နှစ်ဝက်နှင့်နှစ်ပတ်လည် ကြီးကြပ်ဆန်းစစ် ဆွေးနွေးပွဲများကို မျိုးဆက်ပွားကျန်းမာရေး လုပ်ရှားမှုအားလုံးအတွက် ပုံမှန်ကျင်းပလျက်ရှိပါသည်။ မြန်မာ့ကျန်းမာရေး နှစ်ရှည်ရည်မှန်းချက်(၂၀၀၁-၂၀၃၀) အတွက် မျိုးဆက်ပွား ကျန်းမာရေးလှုပ်ရှားမှုများကို ထင်ဟပ်သည့် ကျန်းမာရေးအညွှန်းကိန်းများ သတ်မှတ်ရာတွင် ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်များနှင့် တစ်သားတည်းဖြစ်အောင် ထည့်သွင်းထားပါသည်။ ပြည်တွင်းစေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ၏ ပိုမိုပူးပေါင်းဆောင်ရွက်လာမှုကြောင့် နိုင်ငံတကာသဘောတူညီချက်များ၊ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် တစ်သားတည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထု၏ ပါဝင်မှုသည်လည်း ဖွံ့ဖြိုးမှုရည်မှန်းချက်များ အောင်မြင်ရေးတွင် အဓိကအခန်းမှ ပါဝင်လျက်ရှိပါသည်။